ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၆၄/၂၀၁၉
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းဟု ခေါ်တွင်စေရမည်။

၂။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ(က) ပါ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(Initial Environmental Examination–IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment–EIA) ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်များပါ "သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း" ခေါင်းစဉ်၏နောက်တွင် "အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့် အမှတ်စဉ် ၁၄၁ ၏နောက်၌ နောက်ဆက်တွဲပါ လုပ်ငန်းများကို အမှတ်စဉ် ၁၄၂ မှ ၁၅၇ အဖြစ် ဖြည့်စွက်လိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး